

# အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်
# ၂၀၂၁ခုနှစ် သင်တန်းခေါ်ယူခြင်း

**ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ ) သည် ၂၀၂၁ ခုနှစ် အောက်တိုဘာ လ မှ အွန်လိုင်းအတန်းဖြင့်ဂျပန်စာလေ့လာသင်ယူလိုသည့်ဒုက္ခသည်များမှလျှောက်လွှာများကိုလက်ခံနေပါသည်။**

### အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်နှင့်ပတ်သက်၍

| | |
|---|---|
| လျှောက်ထားတိုင်သူ | : ကွန်ဗင်းရှင်းဒုက္ခသည်များနှင့်သူတို့၏မိသားစုများ ( နေထိုင်ခွင့်ဗီဇာရှိ သော ဇနီး ၊ ခင်ပွန်း ၊ မိဘ ၊ အိမ်ထောင်မကျသေးသောကလေးများ) |
| နေရာ | : မိမိနေအိမ် ( အင်တာနက်ကိုအသုံးပြုပြီးအုပ်စုလိုက်သင်ယူခြင်း။ ) |
| အစီအစဉ် | : ဂျပန်စာ ( အချိန် ၅၇၂ ခန့် ) ၊ လူနေမှုလမ်းညွှန် (အချိန်ကာလ ၁၂၀ ခန့် )၊ အလုပ်အကိုင်ပံ့ပိုးမှု (* ၁ အချိန် = ၄၅ မိနစ်) |
| သင်တန်းချိန် | : ၂၀၂၁ ခုနှစ် အောက်တိုဘာ လ မှ ၂၀၂၂ ခုနှစ် မတ် လ ( တနလ်ာနေ့ မှ သောကြာနေ့ ၊ ၉ : ၃၀ မှ ၁၅ : ၅၀ ) တစ်ဦးလျှင်တစ်ကြိမ်သာ တက်ရောက်နိုင်သည်။ ( မူအရ စနေနေ့ နှင့် တနင်္ဂနွေနေ့ ပိတ်သည် ) |
| အခြားသော | : အွန်လိုင်းသင်ခန်းစာများကိုသာလက်ခံသည်။ RHQ မှလိုအပ်သောအိုင်တီပစ္စည်းများကိုငှားရမ်းမည်။ |
| သတိပြုရန် | : လျှောက်ထားသူ ဦး ရေပေါ်မူတည်ပြီးပါ ၊ ကျန်းမာရေးအခြေအနေ ၊ ဂျပန်ဘာသာစကားအဆင့်ပေါ် မူတည်၍ တက်မည့်အချိန်ကိုစောင့်ရခြင်း ၊ သင်တန်းသို့တက်ရောက်ခွင့်မရနိုင်သည့်အချိန်လည်းရှိနိုင်ပါသည်။ |

( လျှောက်ထားရန် )

၁ ) RHQ ထောက်ပံ့ရေးပြုစင်တာ သို့အီးမေးလ်သို့မဟုတ်ဖုန်းဖြင့်ဆက်သွယ်ပါ။

၂ ) ၂၀၂၁ခုနှစ် ဇူလိုင် လ မှ ၂၀၂၁ ခုနှစ် ဩဂုတ် လ ၆ ရက် အွန်လိုင်းအင်တာဗျူး နှင့် လျှောက်လွှာတင်သွင်းခြင်း

၃ ) ၂၀၂၁ ခုနှစ် စက်တင်ဘာ လ သက်တန်းတက်ရောက်ခွင့်ရှိ / မရှိ ကိုအကြောင်းကြားခြင်း

၄ ) ၂၀၂၁ ခုနှစ် အောက်တိုဘာ လ သင်တန်းစတင်မည်။




**◆လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းမေးမြန်းရန် ◆RHQ အထောက်အကူပြုစင်တာ**

TEL: 03-5292-2144 E-mail: rhqcenter@rhq.gr.jp Web: http://www.rhq.gr.jp




# ကွန်ဗင်ရှင်းဒုက္ခသည်နှင့်မိသားစုအတွက်
# ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်

လက်ရှိတွင်အွန်လိုင်းအတန်းများကိုသာလက်ခံသည်

~ ဂျပန်ဘာသာလေ့လာသင်ကြားလိုသူ၊ ဂျပန့်ဓလေ့ထုံးစံများကို သိလိုသူ၊ အလုပ်အကိုင်ရှာဖွေလိုသူ ဒုက္ခသည်နှင့်မိသားစုအတွက် ~

**အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း**

**ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )**

# နိဒါန်း

ဂျပန်အစိုးရသည်တရားရေးဝန်ကြီး မှ ကွန်ဖင်ရှင်းဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရခံရသူနှင့် မိသားစုအတွက် ဂျပန်ဘာသာ ၊ လူမှုရေးလမ်းညွှန် ၊အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည့်အခြေချနေထိုင်ရေးထောက်ပံ့အစီအစဉ်ကိုအခမဲ့ဆောင်ရွက်ပေးနေပါသည်။

- အခြေခံဂျပန်ဘာသာ ၊ ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက်အထောက်အကူဖြစ်စေမည့်စနစ် ၊ ဓလေ့ ထုံးစံများကိုဂျပန်ဘာသာစကားဖြင့်လေ့လာနိုင်ပါသည်။
- အလုပ်လုပ်ကိုင်သူများအတွက် အလုပ်အကိုင်မိတ်ဆက်ပေးပါမည်။
- သင်တန်းတက်ရောက်စဉ်အတွင်း နေထိုင်မှုစရိတ်ရရှိမည့်အပြင် ၊ သင်တန်းဆင်းလျှင်အခြေချနေထိုင်ရေး ထောက်ပံ့ငွေ ( အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ ) ကိုလက်ခံရရှိပါမည်။ ( စာမျက်နှာ ၃ တွင်ကြည့်ပါ )
- Corona ဗိုင်းရပ်စ်ကူးစက်မှုကိုကာကွယ်ရန်အတွက် အခြေချနေမှုထောက်ပံ့အစီအစဉ်သင်တန်းအားလုံးကိုအွန်လိုင်းဖြင့်သင်ကြားပို့ချသွားပါမည်။လိုအပ်သည့် ITပစ္စည်းများကိုRHQမှငှားမည်။ သတိ ။ ။ ကလေးကိုအပ်ထားလို့မရပါ။

# အစီအစဉ်အသေးစိတ်

## ဂျပန်ဘာသာသင်တန်း ၊ လူနေမှုလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်ခြင်း

၁ ၊ ဂျပန်ဘာသာသင်ကြားမှု ( ပို့ချချိန် ၅၇၂ နာရီ ၊ ၁ ချိန်= ၄၅ မိနစ် )

- အခြေခံဂျပန်ဘာသာ ( ဖတ် ၊ ရေး ၊ နားထောင် ၊ စကားပြော ) စသည်တို့ကိုသေချာစွာတက်မြောက်နိုင်ပါသည်။
- စားဝတ်နေထိုင်ရန်လိုအပ်သည့် ဂျပန်ဘာသာကိုလေ့လာသင်ယူနိုင်ပါသည်။

၂ ၊ လူနေမှုလမ်းညွှန် ( ပို့ချချိန် ၁၂၀ နာရီ ၊ ၁ ချိန် = ၄၅ မိနစ် )

- ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ် ( ဆေးကုသမှု ၊ အာမခံ ၊ ပင်စင် ၊ အခွန် အစရှိသော ) ဓလေ့ထုံးတမ်းများကိုလေ့လာသင်ယူနိုင်ပါသည်။

※ သင်တန်းတွင် ဂျပန်ဘာသာ နှင့် လူနေမှုလမ်းညွှန်ကိုတွဲဖက်သင်ကြားပါသည်။

၃ ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်း

- အလုပ်အကိုင်လိုသူများအတွက် အလုပ်ရှာဖွေရန်ကူညီနိုင်ပါသည်။ ( မိမိလုပ်လိုသည့်အလုပ်ကို မတွေ့နိုင်သည့်အခါလည်းရှိပါသည်။)
- အလုပ်အကိုင်ရှာဖွေရန်လိုအပ်သောလမ်းစရိတ်ကိုပေးပါမည်။
- အလုပ်ဝင်ရန်ရွေးချယ်လိုက်သောကုမ္ပဏီတွင်အလုပ်သင်စနစ်သင်ယူနေပုံကိုအသုံးပြုနိုင်ပါသည်။အလုပ်သင်ကာလမှာ ၁ လ မှ ၆ လ ဖြစ်ပါသည်။ အလုပ်သင်ကာလအတွင်းနေထိုင်စရိတ်ကိုတချို့ကိုထောက်ပံ့ပေးပါမည်။



သင်ယူနေပုံ

# သင်တန်းအမျိုးအစားနှင့်တက်မည့်အချိန်

- သင်တန်းချိန်စုစုပေါင်း ၆၉၂ နာရီ တွင် ဂျပန်ဘာသာ သင်တန်းချိန် ၅၇၂ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် ) နှင့် လူနေမှုလမ်းညွှန်သင်တန်းချိန် ၁၂၀ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် )
- သင်တန်းအားလုံးကို အွန်လိုင်းဖြင့်အုပ်စုလိုက်သင်ကြားမှုပုံစံဖြင့်သင်ကြားသွားပါမည်။
- သင်တန်းချိန် (သင်ရိုးညွှန်းတမ်းအရ အချိန်အပြောင်းအလဲရှိနိုင်သည်) ၆ လ သင်တန်း တနင်္လာနေ့မှ သောကြာနေ့ ၉ နာရီ ၃၀ မိနစ် မှ ၁၅ နာရီ ၅၀ မိနစ် အထိ ၁ နှစ် သင်တန်း တနင်္လာနေ့မှ သောကြာနေ့ ၁၈ နာရီ ၃၀ မိနစ် မှ ၂၀ နာရီ ၅၅ မိနစ် အထိ
- သင်တန်းကာလ ၆ လ သင်တန်း ၂၀၂၁ ခုနှစ် အောက်တိုဘာ လ မှ ၂၀၂၁ ခုနှစ် မတ် လ

# သင်တန်းတက်ရောက်နိုင်သူ

တရားရေးဝန်ကြီး မှ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစု ( ※၁ ) သို့ရာတွင် ယခုချိန်အထိ နိုင်ငံတကာကူညီရေးစင်တာ ( ၂၀၀၆ ခုနှစ် မတ်လ တွင်ရပ်ဆိုင်း ) နှင့် RHQ ထောက်ပံ့ရေးစင်တာ တို့တွင်ဂျပန်ဘာသာစသည့်အခြေချနေထိုင်ရေးအထောက်အပံ့ကို သင်ယူပြီးသူများမပါဝင်ပါ။( ※၂ )

( ※၁ ) မိသားစု ဆိုသည်မှာ ဂျပန်နိုင်ငံတွင်နေထိုင်သည့် နိုင်ငံခြားသားဖြစ်ပြီး ၊ ကွန်ဗင်ရှင်းဒုက္ခသည်၏ မိသားစု အဖြစ် ဂျပန်တွင်နေထိုင်ခွင့်ရရှိထားသူကို ဆိုလိုပြီး ထိုသူများမှာ အိမ်ထောင်ဖက် ၊ မိဘ ၊ အိမ်ထောင်မကျ သေးသည့် သား / သမီး များသာ။

( ※၂ ) ကျန်းမာရေးအခြေအနေ ၊ ဂျပန်ဘာသာအရည်အချင်း တို့ကိုကြည့်ပြီး သင်တန်းတက်ရောက်မည့်အချိန် စောင့်ဆိုင်းခြင်း ၊ သင်တန်းတက်ရောက်ခွင့်မရသည့်အချိန်မျိုးလည်းရှိပါသည်။

（2021 年 6 月作成）

# လူနေမှုထောက်ပံ့ကြေးအစရှိသော

အခြေချနေမှုထောက်ပံ့အစီအစဉ်သို့တက်ရောက်နေစဉ်အတွင်းရရှိမည့်ထောက်ပံ့ကြေး

| | |
|---|---|
| နေထိုင်မှုစရိတ်<br>(စားဝတ်နေရေးအတွက်)<br>※အခြေအနေပေါ်မူတည်၍မရနိုင်သည့်သူရှိသည်။ | လူကြီး ( ၁၂ နှစ် အထက် ) ၁ ရက် ယန်း ၁,၆၀၀<br>ကလေး ( ၁၂ နှစ် အောက် ) ၁ ရက် ယန်း ၈၀၀<br>※၁ နှစ်သင်တန်းတက်ရောက်သူမှာအထက်ပါနှုန်း၏တဝက်ကို ၁နှစ်လုံးရရှိပါမည်။ |
| အခြေချနေထိုင်မှုစရိတ်<br>( အခြေချနေထိုင်ရန်ပြင်ဆင်မှုအတွက် ) | လူကြီး ( ၁၆ နှစ်နှင့်အထက် ) ယန်း ၁၅၆,၉၀၀<br>ကလေး ( ၁၅ နှစ်အထိ ) ယန်း ၇၈,၄၅၀<br>※အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်ပြီးချိန်တွင် ၁ ကြိမ်သာ |
| ဆေးကုသစရိတ်<br>( ရောဂါ ၊ဒဏ်ရာ ရသည့်အခါ ) | သင်တန်းချိန်အတွင်းဖြစ်သည့်အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း ၊ သွားကိုက်ခြင်း ၊မတော်တဆထိခိုက်ဒဏ်ရာရသည့်အခါအရေးပေါ်ကုသသည့်ဆေးကုသစရိတ်။နာတာရှည်ရောဂါ နှင့်တခြားရောဂါကြီးများ၏ဆေးကုသစရတ်ကို မထောက်ပံ့နိုင်ပါ။ |

**ဆက်သွယ်ရန် အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )**

RHQထောက်ပံ့ရေးစင်တာ Tel : 03-5292-2144 Fax : 03-5292-2043

E-mail:rhqcenter@rhq.gr.jp

ကန်ဆိုင်ရုံးခွဲ 11F JR KOBE EKIMAE NK BLD 2-1-18 NAKAMACHI ST CHUO KU KOBE

HYOGO KEN 650-002

Tel 078-361-1700 Fax 078-361-1323

## နေထိုင်မှု ၊ ဂျပန်ဘာသာပညာရေး ၊ အလုပ်အကိုင် ၏ တိုင်ပင်ဆွေးနွေးခြင်း

လူနေမှု၊ ပညာရေး၊ အလုပ်အကိုင်အစရှိသော အခက်အခဲ၊ ဒုက္ခများကိုဆွေး နွေးတိုင်ပင်သည့် အတိုင်ပင်ခံဝန်ထမ်းက အခမဲ့ဆွေးနွေးတိုင်ပင်ပေးပါသည်။ကိုယ်ရေးအချက်အလက်များအားမပေါက်ကြားစေရန် ထိန်းသိမ်းသွားပါမည်။ ထိုကြောင့်အားမနာဘဲဆက်သွယ်နိုင်ပါသည်။

- ဆက်သွယ်ရန် ၀၁၂၀-၀၉၀-၀၉၁ ( အခမဲ့ )

  ( တနင်္လာနေ့ မှ သောကြာနေ့ ၉း၃၀ မှ ၁၇း၀၀ ) ဂျပန် ၊ အင်္ဂလိပ် ၊ ပြင်သစ် ၊ မြန်မာ ဘာသာများဖြင့်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။